ထိုင်းနိုင်ငံတွင်တရားဝင်အလုပ်လုပ်သော

# နိုင်ငံခြားသားများနှင့်ရွှေ့ပြောင်းအလုပ်သမားများအတွက်

# COVID-19 အာမခံအစီအစဉ်

ပုဂ္ဂိုလ်ရေးကျန်းမာရေးအာမခံပေါ်လစီ

**အာမခံပရီမီယံကြေးကိုတစ်နှစ်ဘတ် 1,460 မှစတင်သည်**



| အကျိုးဝင်မှု (1 နှစ်အကျိုးဝင်သည်) | အာမခံထားငွေ(ဘတ်) | | |
|---|---|---|---|
| | အစီအစဉ် 1 | အစီအစဉ် 2 | အစီအစဉ် 3 |
| (COVID-19) ကူးစက်မှုကြောင့် ကိုမာ(coma) အဆင့် အကျိုးခံစားခွင့် | 500,000 | 600,000 | 600,000 |
| (COVID-19) ကူးစက်မှုကြောင့်ဖြစ်ရသည့်အတွင်းလူနာ (IPD) နှင့် ပြင်ပလူနာ (OPD) ရောဂါကုသမှု အကျိုးခံစားခွင့် | 100,000 | 100,000 | 100,000 |
| COVID-19) ကူးစက်မှုကြောင့်ဖြစ်ပေါ်လာသောဆေးရုံသို့မဟုတ်ကျန်းမာရေးဌာနများ၏အတွင်းလူနာအဖြစ်ကုသမှုကာလအတွင်းနေ့စဉ်လျော်ကြေးခံစားခွင့် | | | |
| တစ်နေ့လျှင်လျော်ကြေး | 300 | 300 | 400 |
| အများဆုံးလျော်ကြေး တစ်နှစ်လျှင်ရက် ၃၀ | 9,000 | 9,000 | 12,000 |
| တစ်နှစ်လျှင်တစ်ဦးအတွက်စုစုပေါင်းအာမခံကြေး | 1,460 | 1,600 | 2,000 |

## အာမခံချက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများအတိုချုပ်

1. လျှောက်ထားသူများအတွက်အချက်အလက်များမှာအောက်ပါအတိုင်းဖြစ်သည်။
   - 1.1) ထိုင်းနိုင်ငံတွင်တရားဝင်အလုပ်လုပ်သောထိုင်းနိုင်ငံသားမဟုတ်သည့်အာမခံ ဝယ်ယူသူများ။
   - 1.2) အာမခံသက်တမ်းကာလမှာ အသက် 6-65 နှစ်။
   - 1.3) အသက် 20 နှစ်အောက်ရှိ အာမခံယူထားသူများအတွက် ကျန်းမာရေးကြေငြာချက်တွင် မိဘအုပ်ထိန်းသူများမှ လက်မှတ်ထိုးရမည် ဖြစ်သည်။
   - 1.4) အာမခံဝယ်ယူသူသည်ထိုင်းနိုင်ငံတွင်တရားဝင်နေထိုင်ရန်တရားဝင်စာရွက်စာ တမ်းများ ရှိရမည်။ ဥပမာ - အလုပ်လုပ်ခွင့် (Work Permit) သို့မဟုတ် ထိုင်းနိုင်ငံတွင် နေထိုင်ခွင့်ဗီဇာ။
   - 1.5) အုပ်စုအဖြစ်အာမခံဝယ်ယူခြင်းဖြစ်ပါကကုမ္ပဏီ၏ဆင်ဖြင်ဆုံးဖြတ်ချက်ပေါ် မူတည်၍ အာမခံကိုဝယ်ယူနိုင်သည်။
2. အကျိုးဝင်သည့်နယ်မြေ၊ထိုင်းနိုင်ငံအတွင်းသာဖြစ်သည်။
3. အာမခံသက်တမ်း 1 နှစ်။
4. စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ တွင်လုပ်ကိုင်နေသောအာမခံဝယ်လိုသူများကိုအာမခံဝယ်ယူခွင့်မပြုပါ။
5. ဤအာမခံအစီအစဉ်သည် အာမခံပေါ်လစီက ပထမဦးဆုံးစတင်ခြင်းမပြုမီတွင် အစိုးရအေဂျင်စီမှ quarantine (ကွာရန်တင်း) ခံရသော ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ကူးစက်ခံရသည်ဟု သံသယရှိသူအားအာမခံလိမ့်မည်မဟုတ်ပါ။
6. ဤအာမခံအစီအစဉ်သည်ထိုင်းနိုင်ငံအတွင်းစစ်ဆေးတွေ့ရှိသော ကိုရိုနာဗိုင်းရပ်စ် ရောဂါ (COVID-19) ကိုသာအာမခံမည်။
7. အာမခံတစ်ခုချင်းစီ၏အကျိုးခံစားခွင့်များကိုပေးချေရမည့်မူဝါဒကို ပေါ်လစီနှစ် အတွက်အချိန်ဇယားတွင်ဖော်ပြထားသည့်အတိုင်း အာမခံငွေပမာဏအရ အများဆုံးပမာဏကို ပေးချေလိမ့်မည်။
8. အာမခံပေါ်လစီဝယ်ယူသည့်အချိန်တွင် အာမခံထားသူသည်ထိုင်းနိုင်ငံတွင်နေထိုင်ရမည်။
9. အာမခံပေါ်လစီကာလအတွင်းအာမခံထားသူသည်နိုင်ငံခြားသို့ခရီးသွားလျှင်၊ အာမခံထားသူသည် ထိုင်းနိုင်ငံသို့မရောက်ရှိမီ ၇၂ နာရီအတွင်း COVID 19 ရောဂါ ကူးစက်မှုမရှိကြောင်းကိုအတည်ပြုသည့် ဆေးဘက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းရှိရမည်။
10. လွန်ခဲ့သောပေါ်လစီနှစ်ကအာမခံထားသူမှ လျော်ကြေးငွေအတွက်တောင်းဆို မှုရှိပါက ကုမ္ပဏီအနေဖြင့်သက်တမ်းတိုးခြင်းကိုမပြုလုပ်နိုင်ပါ။
11. ကုမ္ပဏီ၏ချန်နယ်အားလုံးတွင်အာမခံပေါ်လစီ ၁ ခုလျှင် ၁ ဦးသာဝယ်ယူခွင့်ရှိသည်။ (အကယ်၍ ပေါ်လစီ ၁ ခု ထက်ပို၍ဝယ်ယူပါက ကုမ္ပဏီအနေဖြင့် အဆိုပါပေါ်လစီ ကိုပယ်ဖျက်ပိုင်ခွင့်ရှိသည်။)
12. အခြားခြွင်းချက်စည်းကမ်းချက်များသည် နဝကစ်၏အုပ်စုလိုက်ရောဂါအတွက် ကျန်းမာရေးအာမခံပေါ်လစီအတိုင်းဖြစ်သည်။

## ခြွင်းချက်အတိုချုပ်

1. အာမခံမယူခင်အခြေအနေ (Pre-existing Condition) [နာတာရှည်ရောဂါ သို့မဟုတ် နာမကျန်းမှုများ (နောက်ဆက်တွဲဆိုးကျိုးများအပါအဝင်) သည် ဤအာမခံပေါ်လစီအရ ဤအာမခံပေါ်လစီတွင် အကျိုးဝင်သည့်ရောဂါအဖြစ်ဖော်ထုတ် ထားသည်၊ ဤအာမခံပေါ်လစီ၏အကျိုးဝင်သောနေ့မတိုင်မီက အာမခံထားသူမှဖြစ်ပေါ်သောရောဂါ ဖြစ်ပြီး၊ လုံးဝပျောက်ကင်းအောင် မကုသရသေးသည့် သို့မဟုတ် လူသူများကရောဂါစစ်ဆေး၊ စောင့် ရှောက်ရေးနှင့်ကုသရှာဖွေသည့်၊ သို့မဟုတ် ဆရာဝန်ကရောဂါလက္ခဏာများကို စစ်ဆေး၊ စောင့်ရှောက်ရေးနှင့်ကုသသည့်ရောဂါများ။
2. ဤအာမခံပေါ်လစီသည်ပထမဆုံးအကြိမ် အကျိုးဝင်သည့်နေ့မှ ၁၄ ရက်တွင်ဆရာဝန်၏ ရှာဖွေစစ်ဆေးမှုမှ Coronavirus 2019 ကူးစက်ခံ ရပြီး၊ စောင့်ဆိုင်းကာလ (waiting period) သည် အာမခံမည်မဟုတ်ပါ။
3. အာမခံယူထားသူ၏ဖခင်၊ မိခင်၊ ဇနီး / ခင်ပွန်းသည် သို့မဟုတ် သားသမီးများ၏ကျန်းမာရေးစစ်ဆေးမှုမှ ရသော ကုန်ကျစရိတ်များအပါအဝင်၊ အာမခံယူထား သူ၏ဆရာဝန်မှ ဆေးဘက်ဆိုင်ရာစစ်ဆေးကုသမှု ကုန်ကျစရိတ်များ၊
4. ရောဂါလက္ခဏာများ သို့မဟုတ် ပုံမှန်မဟုတ်သော အခြေအနေများနှင့်ဆက်စပ်မှု မရှိသောကုသမှု သို့မဟုတ်ရောဂါရှာဖွေစစ်ဆေးမှုများ။

Rev.2_2021/05/11

**မှတ်ချက်။ ။**

1. ဤ COVID-19 အာမခံအစီအစဉ်ကို 2021 ခုနှစ် ဒီဇင်ဘာ 31 ရက်အထိရောင်းနိုင်သည်။
2. ကုမ္ပဏီသည်နိုင်ငံခြားသားများအတွက် COVID-19 အာမခံအစီအစဉ်ကို ကြိုတင်အသိပေးခြင်းမရှိပဲ၊ အာမခံအစီအစဉ်ကိုပြောင်းလဲ သို့မဟုတ် ဖျက်သိမ်း နိုင်ခွင့်ရှိသည်။
3. Coma အခြေအနေ (Coma) ဆိုသည်မှာ ဆရာဝန် ၏ရောဂါရှာဖွေတွေ့ရှိမှုမှ၊ သတိလစ်ခြင်းနှင့်အာရုံ ဆုံးရှုံးမှု၊ သို့မဟုတ် အာရုံကြောခွဲစိတ် ဆရာဝန် (Neurosurgeon) မှ အောက်ပါဝိသေသလက္ခဏာ များအားလုံးကို စစ်ဆေးတွေ့ရှိသည်။
   - 3.1. အသက်ကိုထောက်ပံ့ရန် အသက်ကယ်ကိရိယာ ကိုအသုံးပြုရမည်။
   - 3.2. ပြင်ပလှုံ့ဆော်မှုများကိုအနည်းဆုံး ၉၆ နာရီ အတွင်းတုံ့ပြန်မှုမရှိခြင်း။
   - 3.3. သတိလစ်ပြီးနောက် ရက် 30 တွင်ဦးနှောက် အမြဲတမ်းပျက်စီးသည်ဟု သတ်မှတ်ခြင်းခံရ သည်။ တစ်စုံတစ်ခုသောနေ့စဉ်လုပ်ဆောင်မှု များအမြဲတမ်းမဆောင်ရွက်နိုင်ခြင်းကိုသက်ရောက်မှုရှိစေသည်၊ ၎င်းတွင်အရက်သေစာသို့မဟုတ်မူးယစ်ဆေးဝါးအလွဲ သုံးမှု (Drug Abuse)များ ကြောင့်တိုက်ရိုက်ဖြစ်ပေါ် စေသည့် သတိလစ်ခြင်းမျိုးများမပါဝင်ပါ။

သတိပေးချက်

*နဝကစ်၏ပုဂ္ဂိုလ်ရေးကျန်းမာရေးအာမခံပေါ်လစီဆိုင်ရာစည်းကမ်းချက်အသေးစိတ်ကို သေချာစွာလေ့လာပါ။

* အာမခံဝယ်ယူသောသူများသည်အာမခံလုပ်ထားမှုကိုမဆုံးဖြတ်ခင်၊ ပေါ်လစီဆိုင်ရာ အကျိုးဝင်မှုနှင့်စည်းကမ်းချက်များကိုအသေးစိတ်နားလည်သင့်သည်။

* ဤလက်ကမ်းကြော်ငြာသည်သတင်းအချက်အလက်ရည်ရွယ်ချက်များအတွက်သာဖြစ်ပြီးမူဝါဒဆိုင်ရာစာရွက်စာတမ်းမဟုတ်ပါ။

* ဤနေရာတွင်အသုံးပြုသောအင်္ဂလိပ်ဘာသာပြန်ဆိုချက်သည် ထိုင်းဘာသာမူရင်းလက်ကမ်းကြော်ငြာမှ တိကျစွာဘာသာပြန်ခဲ့သည်။